TAIZÉ

# သဝဏ်လွှာ ၂၀၂၅

## မျှော်လင့်ချက်အားလုံးကိုကျော်လွန်၍ မျှော်လင့်ခြင်း

Taizé နှင့် အခြားနေရာများရှိ လူငယ်များ၏ စကားကို နားထောင်ရာ အများစုမှာ နေ့စဉ်ဘဝ၏ ကြမ်းတမ်းသောအဖြစ်မှန်များဖြင့် ရင်ဆိုင်နေကြသောအခါ ၎င်းတို့သည် ဆက်လျှောက်ရမည့် ခွန်အားကို မည်ကဲ့သို့ ရှာကြသနည်းဟု ကိုယ့်ကိုယ်ကို ပြန်မေးမိသည်။ ဤမေးခွန်းမှာ စစ်ဖြစ်ရာဒေသများတွင်နေထိုင်သည့်လူငယ်များအတွက် ပို၍ပင်လေးနက်လာပါသည်။

မဖြစ်နိုင်ဟု ထင်ရသောအခြေအနေများတွင် သူတို့၏ခံနိုင်ရည်နှင့် ဇွဲလုံ့လတို့သည် အဘယ်မှ ဆင်းသက်လာသနည်း။ ၎င်းတို့ကိုနားထောင်ကြည့်သောအခါ ယုံကြည်ခြင်းရှိသူများသည် ဘုရားသခင်အားယုံကြည်ခြင်းမှ မျှော်လင့်ချက်တစ်ခုကိုပျိုးထောင်သည်ကို ရှင်းလင်းစွာ သိလာခဲ့ရသည်။ ယေရှုခရစ်တော်၏ ထမြောက်ခြင်းအားဖြင့် သေခြင်းသည် နောက်ဆုံးမဟုတ်ကြောင်း ခိုင်မာမှုမှာ ပိုမိုကြီးထွားလာသည်။

ထမြောက်ခြင်းကိုယုံကြည်ခြင်းက ဘဝ၏နွမ်းနယ်မှုမှာအဆုံးသတ်မဟုတ် ဟူသည့် မျှော်လင့်ချက်ကို ပေးသည်။ ကျွန်ုပ်တို့သည် ထိုထက်သာသောအရာတစ်ခုစီသို့ ဖိတ်ခေါ် ခံရခြင်းဖြစ်သည်။ မျှော်လင့်ချက်အားလုံးထက်ကျော်လွန်သော ထိုမျှော်လင့်ချက်တစ်ခုကို လူငယ်များက ကျွန်ုပ်အား ဝေမျှလိုသည်။ အဘယ်ကြောင့်ဆိုသော် ထိုမျှော်လင့်ချက်သည် အားလုံးဆုံးရှုံးသွားသကဲ့သို့ဖြစ်နေချိန်တွင် ဘဝသစ်ပြန်လည်တည်ဆောက်ရန် ယုံကြည်စေသည်။

မာရီယာ သည် ချီးမွမ်းခြင်းနှင့် မျှော်လင့်ချက်ဖြင့် ကြွေးကြော်ခဲ့သည်မှာ – "ဘုရားသခင်သည် သူ၏လက်ရုံးတော်ဖြင့် မာနကြီးသောသူတို့ကို ဖြန့်ကြဲတော်မူ၏။ ဘုရားသခင်သည် တန်ခိုးကြီးသူတို့ကို ပလ္လင်မှ ဆင်းစေတော်မူ၍ နှိမ့်ချသောသူတို့ကို ချီမတော်မူ၏။ ဆာလောင်သူများကို ကောင်းသောအရာများဖြင့် ပြည့်စေပြီး ကြွယ်ဝသူများကို လက်ချည်းဗလာလွှတ်လိုက်တော်မူ၏။ (လုကာ ၁:၅၁-၅၃)။ မှန်ပါသည်။ ကျွန်ုပ်တို့ သူမနှင့်အတူ သီချင်းဆိုလျှက် အခြေအနေများ ပြောင်းလဲလာစေရန်

ဆုတောင်းကြပါစို့။ ဘုရားသခင် နှုတ်ဆိတ်နေသည်ဟုခံစားနေရချိန်၌ပင် လမ်းကြောင်းတစ်ခု ရုတ်တရက်ပွင့်သွားနိုင်ပါသည်။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ ဒုက္ခရောက်နေသူများ သို့မဟုတ် စစ်မက်ရေးရာ၌ပိတ်မိနေသူများ၊ သို့မဟုတ် မိမိနိုင်ငံမှ ထွက်ခွာရန် အတင်းအကျပ် ခိုင်းစေခြင်းခံနေကြရသူများအား စည်းလုံးမှုပြသည့်လက္ခဏာများကိုပြသရန် မပြောပလောက်သည့် အရာပင်ဖြစ်စေ တတ်နိုင်သမျှ လုပ်ဆောင်ကြပါစို့။ ဤအရာကကျွန်ုပ်တို့အား မျှော်လင့်ချက်အားလုံးကို ကျော်လွန်၍ မျှော်လင့်နိုင်စေမည်မဟုတ်ပါလား။

ဆက်လက်ဝေမျှမည့် ထောက်ရှုချက်အများစုသည် စစ်ပွဲ သို့မဟုတ် ပဋိပက္ခဖြစ်ပွားနေသော နိုင်ငံများရှိ လူငယ်များနှင့် တွေ့ဆုံခြင်း၊ စကားစမြည်ပြောခြင်းများမှထွက်ပေါ်လာသည်။ မိမိတို့၏ အတွေ့အကြုံများနှင့် တွေးခေါ်မှုများကို မျှဝေခဲ့သူများအပေါ် အထူးကျေးဇူးတင်ပါသည်။ ထို့အပြင် သတိရှိသောအကြံဉာဏ်ဖြင့် အားလုံးကိုစနစ်တကျစီစဉ်ပေးပါသော ကျွန်ုပ်တို့၏ အငယ်ဆုံးသော ဘရာသာရ်များအားလည်း ကျေးဇူးများစွာတင်ရှိပါသည်။

## မျှော်လင့်ချက်သတ္တိ

ကျွန်ုပ်တို့သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ယုံကြည်ရန် တောင့်တသောအခါ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင် မြင်တွေ့ ခံစားရသောအရာများက ထိုချစ်ခြင်းမေတ္တာ ကိုဆန့်ကျင်နေသကဲ့သို့ ခံစားရတတ်သည်။။ ကျွန်ုပ်တို့သည် ရရှိပြီးသားအရာနှင့် ရောက်လာလတ့်သောအရာအကြားတွင် ပိတ်မိနေကြသည်။ ထိုအခြေအနေသည် သိပ်အဆင်မပြေလှပါ။ သို့သော် ၎င်းကိုပြီးပြည့်စုံမည့် မျှော်လင့်ချက်ဘက်သို့ ဦးတည်လိုက်လျှင် ကျွန်ုပ်တို့အတွင်းမှတစ်စုံတစ်ခုသည် လွန်မြောက်သွား ပါမည်။

မျှော်လင့်ချက်သည် စိတ်ရှည်ရန်လိုအပ်သည်။ တမန်တော်ပေါလုက "ငါတို့ မမြင်နိုင်သောအရာကို မျှော်လင့်သည်" (ရောမ ၈:၂၅ ) ဟုဆိုသည်။ ဘုရားသခင်၏ အချိန်နာရီ၌ ပြည့်ဝစုံလင်ခြင်းစီသို့ မျှော်ရည်နေသော်လည်း "အတွင်းပိုင်းတွင်တိုက်ခိုက်မှုများ နှင့် အပြင်ဘက်တွင် ကြောက်ရွံ့မှုများ" ကြောင့် စိုးရိမ်မှုကိုလည်း ရင်ဆိုင်နေရသည်။ ထိုအခြေအနေတွင် ကျွန်ုပ်တို့သည် မထွက်ပြေးဘဲ ရပ်တည်နိုင်ဝံ့ပါမည်လား။

"မျှော်လင့်ချက်အားလုံးကိုဆန့်ကျင်၍ အာဗြာဟမ်သည် ယုံကြည်ခဲ့သည်" (ရောမ ၄:၁၈)။ ယုံကြည်သူများ၏ ဖခင်ဖြစ်သည့် အာဗြာဟမ်သည် သင့်တင့်လျှောက်ပတ်သည့် မျှော်လင့်ချက်ထက်

ကျော်လွန်၍ ဘုရားသခင်၏ကတိတော်ကို ဆုပ်ကိုင်ခဲ့သည်။ သူနှင့် ဇနီးသည် ဆာရာ သည် သူတို့အတွက် မဖြစ်နိုင်သောအရာကို ရရှိခဲ့သည်။

သူ၏နိုင်ငံသည် စစ်ပွဲကြောင့် ဖျက်ဆီးခံရပြီး ပြည်သူများသည် ပြည်နှင်ဒဏ်ခံနေရချိန်၊ သူကိုယ်တိုင်လည်း ထောင်တွင်းအကျဉ်းကျနေသော်လည်း ပရောဖက်ယေရမိသည် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခု ပြုလုပ်ခဲ့သည်။ ဘုရားသခင်သည် သူ၏ ပြည်သူများကို လက်လွှတ်ထားမည် မဟုတ် ဟူသည့်ယုံကြည်မှုဖြင့် လယ်ယာတစ်ခု ဝယ်ယူခဲ့သည် (ယေရမိ ၃၂:၆-၁၅)။

ထိုသို့ဆန်းကြယ်လှသည့် မျှော်လင့်ခြင်း၏အမှတ်လက္ခဏာသည် ယုံကြည်ခြင်းကို ပိုမိုစစ်မှန်လာစေသည်။ ထိုအရာသည် မမြင်နိုင်သေးသောအရာ၊ မသေချာမရေရာသောအရာများအပေါ် ခိုင်မာစွာယုံကြည်မှုတစ်ခုဖြစ်သည်။ ထိုသို့သောမျှော်လင့်ချက်မျိုးကို ကျွန်ုပ်တို့ဆုပ်ကိုင်ထားနိုင်မည်လား။ ၎င်းသည် ပျော်ရွှင်မှု၏အရင်းအမြစ်ကို အဆုံးစွန်ထိအောင် ပြန်ဖွင့်ပေးသည်။ အရှုပ်ထွေးဆုံး လူ့အခြေအနေကြားမှပင် မည်သည့်အချိန်ကမှ မမျှော်လင့်ထားခဲ့သောအရာများက လက်တွေ့ဖြစ်လာနိုင်ပါသည်။

ယနေ့တွင် စစ်ပွဲများကြောင့် ဖျက်ဆီးခံရသည့် နိုင်ငံများစွာတွင် မယုံကြည်နိုင်လောက်သော မျှော်လင့်ချက်ခြေလှမ်းသစ်များ ပေါက်ဖွားလာနေပါသည်။

## မျှော်လင့်ချက်ရှိသူများ၏ အသံကို နားထောင်ခြင်း

မျှော်လင့်ချက်၏ အဓိပ္ပာယ်ကို ပိုမိုနားလည်နိုင်ရန်၊ ဒုက္ခနှင့် အကြမ်းဖက်မှုတို့ကြားတွင် နေထိုင်နေသူများ ၏ အသံကို နားထောင်ရမည်ဖြစ်သည်။ ဘုရားသခင်သည် ၎င်းတို့၏ အသံများမှတဆင့် ကျွန်ုပ်တို့ကို လမ်းပြမည် မဟုတ်လား?

ကျွန်ုပ်၏ ညီအစ်ကိုနှစ်ဦးနှင့်အတူ ယူကရိန်းသို့ သွားရောက်လည်ပတ်စဉ် အသင်းတော်ခေါင်းဆောင်တစ်ဦးက “ဆုတောင်းခြင်းသည် သက်သာရာဖြစ်စေရန် နေရာတစ်ခုကို ဖန်တီးပေးသည်” ဟု ပြောကြားခဲ့သည်။ ထိုစကားသည် ကျွန်ုပ်စိတ်အား အလွန်ရိုက်ခတ်ခဲ့သည်။ သူသည် ပြည်သူများ၏ နာကျင်မှုများနှင့် အစဉ်တစိုက်ရင်ဆိုင်နေရသော်လည်း ယုံကြည်သူများသည် အတွင်းပိုင်းဘဝ၌ အသစ်ကိုကြိုဆိုရန် တံခါးဖွင့်ထားသည်ကို ၎င်းမြင်ရသည်။

ဤလုပ်ရပ်သည် ချက်ချင်းရလာဒ်များ မထွက်ရှိစေသော်လည်း အခြားနည်းလမ်းများနှင့်အတူ ပေါင်းစပ်လျှက် ဒဏ်ရာများနှင့် ဝမ်းနည်းမှုများကို ကျော်လွှားနိုင်ရန် တံခါးတစ်ချပ်ဖွင့်ပေးနိုင်ပြီး သက်သာရာရသည့်လူသားအဖွဲ့အစည်းဖြစ်လာမည့် မျှော်လင့်ချက်ကိုနိုးကြားစေသည်။ ဆုတောင်းခြင်းသည် အလွန်ရှုပ်ထွေးသောအခြေအနေများနှင့် ရင်ဆိုင်ရသည့်အခါတွင် ခိုင်မာစွာ ရပ်တည်နိုင်ရန် အားအင်ပေးသည်။ ၎င်းသည် အမှောင်ထုက အရာအားလုံးကိုလွှမ်းခြုံထားသည်ဟု ထင်မှတ်ရချိန်တွင် စိတ်ဓါတ်ကျခြင်းလှိုင်းတံပိုးများကို ချိုးဖျက်ပေးသည်။

ပြင်သစ်၌ နေထိုင်သော်လည်း ၎င်း၏ မိသားစုသည် ဂါဇာ၌ရှိနေသော ပါလက်စတိုင်းအမျိုးသမီး တစ်ဦးက ကျွန်ုပ်တို့အား ရေးသားခဲ့သည် - "ဒဏ်ရာရသူတွေနဲ့ အားနည်းသူတွေကို ကူညီပေးတဲ့ ချစ်ခြင်းမေတ္တာက အားအင်အသစ်တစ်ရပ်ကိုပေးတယ်။ ဒါက ဧဝံဂေလိကျမ်းမှာ သူငယ်ချင်းတွေနဲ့ သူတို့၏ယုံကြည်ခြင်းကြောင့် သယ်ဆောင်ခံရတဲ့ ကိုယ်တစ်ပိုင်းသေနေတဲ့ အမျိုးသားတစ်ဦးကို အမှတ်ရစေတယ်။ ဆုတောင်းခြင်းဟာ တွန်းလှန်ခြင်းတစ်မျိုးဖြစ်ပြီး ကျွန်မအတွက် အရေးကြီးပါ တယ်။ ဒါပေမယ့် ကျွန်မလည်း လူသားတစ်ဦးပါ - ကျွန်မ ရဲ့ မိသားစုဝင်နှစ်ဦး သေဆုံးတဲ့သတင်း ကြားပြီးနောက် ဒေါသစိတ်က ကျွန်မကို လွှမ်းခြုံခဲ့တယ်၊ ကျွန်မ အော်ဟစ်ခဲ့တယ်၊ မျက်ရည်ကျခဲ့ တယ်…။ ကျွန်မ သတိပြန်ဝင်လာချိန်မှာ ဘုရားသခင်ဟာ ဒုက္ခနှင့် ဆုံးရှုံးမှုအကြားမှာရှိပြီး ကျွန်မတို့ကို ချီဆောင်ထားတယ်ဆိုတာ သိခဲ့တယ်။"

ဒီနှစ်နွေရာသီတွင် Taizé ကို လည်ပတ်စဉ် သူမက "မနက်တိုင်း ကျွန်မ ဆုတောင်းတာက မုန်းတီးမှု မရှိဘဲ ချစ်နိုင်တဲ့အားတစ်ခုကို ရှာဖွေဖို့ပဲ" ဟု ပြောခဲ့သည်။ ၎င်း၏စကားများသည် လမ်းခရီး တစ်လျှောက် အလင်းတိုင်တစ်ခုကဲ့သို့ ဖြစ်နေသည်။

စစ်ပွဲကြောင့် နှစ်မွန်းနေရသော အာရှနိုင်ငံတစ်ခုမှ အမျိုးသမီးငယ်တစ်ဦးက ကျွန်ုပ်ကိုပြောသည်မှာ "ကျွန်မတို့လူတွေ ဒုက္ခရောက်ကြတယ်၊ ဒါပေမယ့် ဧဝံဂေလိတရားမှာ နှစ်သိမ့်မှုကို ရှာတွေ့ကြတယ်။ ဘုရားရဲ့လူတွေ ဘယ်လောက်တောင်ပြေးနေကြရသလဲ။ ဘယ်လောက်ဆိုးတဲ့အခြေအနေမှာပဲဖြစ်ဖြစ် အသိုင်းအဝန်းတစ်ခုကို ဖန်တီးနိုင်ခဲ့ကြတယ်။ ဘုရားသခင်ဆီမှာ ပိုပြီးကြီးမားတဲ့အစီအစဉ်တွေ ရှိနိုင်တယ်။ ဒါပေမယ့် ကျွန်မတို့တွေ တစ်ဖြည်းဖြည်းချင်းလျှောက်လှမ်းနေရမှာ ဖြစ်တယ်။ လက်ရှိ နေ့ရက်ကို ဖြတ်သန်းနေရတာကိုက လက်ဆောင်တစ်ခုဖြစ်ပြီး ဘဝဆိုတာ ပြည့်ဝစုံလင်စွာနေထိုင်ဖို့ ဖြစ်တယ် ဆိုတဲ့ လက္ခဏာတစ်ခုဖြစ်သည်။ ကျွန်မတို့အချင်းချင်း အားပေးနိုင်ဖို့၊ အဓိပ္ပါယ်ရှာဖွေဖို့ နဲ့ စည်းလုံးညီညွတ်မှုရှိစေတဲ့ ငြိမ်းချမ်းခြင်းရဲ့ အရင်းအမြစ်ဟာ ဆုတောင်းခြင်းမှာ ရှိပါတယ်။"

လက်ဘနွန်မှ ဤစကားများကို ကျွန်ုပ် ကြားခဲ့ရသည် - "ကျွန်တော့်အမေဟာ မျှော်လင့်ချက်ရဲ့ သက်သေပါပဲ။ ဖြစ်ပျက်နေတဲ့အရာအားလုံးကြားမှာ သူမ မားမားမတ်မတ်ရပ်နိုင်ခဲ့တယ်။ သူမကြောင့် ဒီနေ့မှာ ကျွန်တော်ဒီအနေအထားကိုရောက်နေတာဖြစ်တယ်။ သူမ ဟာ ဘုရားသခင်ကိုယုံကြည်ပြီး ဆုတောင်းဖို့ သင်ပေးခဲ့တယ်။ ယုံကြည်မှုနဲ့အသက်ရှင်သူတစ်ယောက်စီတိုင်းမှာ ယုံကြည်မှုရောင်ပြန် ဟပ်တယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က အရင်းအမြစ်ကိုသောက်သုံးပြီး သက်သေခံတွေဖြစ်လာ ကြတာပါ။"

ကျွန်ုပ်တို့တစ်ဦးစီ ရှာဖွေတွေ့ရှိနိုင်ပြီး ကျွန်ုပ်တို့၏ကိုယ်စီအခြေအနေအတွင်းတွင် နားထောင်နိုင်မည့် မျှော်လင့်ချက်သက်သေခံများမှာ အဘယ်သူနည်း။ ၎င်းတို့၏ ပြောမည့်အရာများကို နားထောင်ရန် ကျွန်ုပ်တို့၏ နားများကို ဖွင့်လိုက်ကြပါစို့။

## မျှော်လင့်ချက်အတွက် ကြိုးပမ်းခြင်း

ကျွန်ုပ်တို့၏ အကြံအစည်များ အဆင်မပြေဖြစ်ပြီး ကျွန်ုပ်တို့၏ မျှော်လင့်ချက်များ ပျက်စီးသွားသော အခါ ကျွန်ုပ်တို့ မည်သို့ တုံ့ပြန်ပါမည်နည်း။ ယေဇူးခရစ်တော်က မျှော်လင့်ချက်ရှိသောသူများအနေဖြင့် ရပ်တည်နိုင်ရန် ကျွန်ုပ်တို့အား သော့ချက်တစ်ခုကိုပေးအပ်ထားပါသည်။

ဆာလောင်မွတ်သိပ်နေသောလူအုပ်ကြီးနှင့်ဆုံတွေ့သောအခါ ယေဇူးခရစ်တော်သည် သနားဂရုဏာ သက်တော်မူပြီး စိတ်နှလုံးထိတွေ့တော်မူ၏။ ထို့နောက် ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်း နိုင်သော နည်းလမ်းတစ်ခုကို ရှာတွေ့နိုင်ခဲ့သည်။

ဒုက္ခအခက်အခဲများအပေါ် လက်လျှော့လိုစိတ်ကို ငြင်းဆိုခြင်းက ကျွန်ုပ်တို့၏ အတွင်းမှ မျှော်လင့်ချက် ကို တည်ဆောက်စေသည်။ ၎င်းသည် အရံသင့်စောင့်ဆိုင်းနေခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သည်။ ၎င်းမှာ တိုက်ပွဲတစ်ခုဖြစ်ပြီး အခြားလမ်းမရှိပါ။ ကျွန်ုပ်တို့၏ မျှော်လင့်ချက်အပေါ်တောင့်တစိတ်ကပင် လူသား အနေဖြင့် ဖြစ်နိုင်သည့်နယ်ပယ်မှ ဘုရားအနေဖြင့်ဖြစ်နိုင်သည့်နယ်ပယ်သို့ ကျော်ဖြတ်နိုင်စေသည်။

ခရစ်တော်နှင့်အတူပေးအပ်ထားသော မျှော်လင့်ချက်သည် ဘုရားသခင်၏ အနာဂတ်ရှိပြည့်စုံမှု၏ အရသာစမ်းကိုပေးသည်။ ၎င်းသည် သင်္ဘောကျောက်ဆူးနှင့် တူသည်။ မုန်တိုင်းကိုရင်ဆိုင်နေစဉ်တွင်

ကျွန်ုပ်တို့ကို ခိုင်မာစေသည်။ ၎င်းက ကျွန်ုပ်တို့ရရှိထားသော ခေါ်တော်မူခြင်းနှင့် ကျွန်ုပ်တို့အား ယုံကြည်စွာ အပ်နှံထားသောလူများအပေါ် သစ္စာတရားဖြင့် နေထိုင်ခွင့်ကိုပေးသည်။ ၎င်းသည် သံခမောက်တစ်ခုနှင့်လည်း ဆင်တူသည်။ ကျွန်ုပ်တို့အပေါ် ကျရောက်နိုင်သည့် ဆိုးရွားသော အခက်အခဲများမှ ကာကွယ်ပေးသည်။

Taizé စည်းကမ်းချက်တွင် "မိမိနှင့်နီးစပ်သူများအား ချစ်မေတ္တာပြခြင်းကို အလွယ်တကူ ကြွေးကြော်သော်လည်း ဆက်လက်ကွဲပြားနေကြသည့် ခရစ်ယာန်တို့၏ရှုပ်ထွေးမှုအပေါ် လက်မလျှော့သင့်ကြောင်း ပြောဆိုထားသည်။ ဘရာသာရ် Roger က ခရစ်ယာန်များ၏ သင့်တင့်ညီညွတ်မှု သည် ရည်မှန်းချက်တစ်ခုအဖြစ်သာမက လူသားမိသားစုအတွင်း ငြိမ်းချမ်းမှုဆီသို့ ချဉ်းကပ်သည့် လမ်းကြောင်းတစ်ခုလည်းဖြစ်သည် ဟု ဆိုသည်။

Taizé အနီးရှိ boxwood သစ်ပင်များသည် မကြာသေးမီနှစ်များက ပိုးမွှားများကြောင့် နှစ်ကြိမ် ဆိုးရွား စွာထိခိုက်ခဲ့သော်လည်း ယခုအခါ ရုတ်တရက်ပြန်လည်ရှင်သန်လျက်ရှိသည်။ သေပြီဟု မှတ်ရသည့် အရာတစ်ခုမှ အသစ်သောပန်းပွင့်ငယ်များပေါက်လာကာ မီးခိုးရောင်မွဲမွဲမှ အစိမ်းရောင်သို့ ပြောင်းလဲ လာသည်။ သဘာဝသည် ရှင်သန်ရန် တိုက်ပွဲဝင်နေပြီး ၎င်းသည် ကျွန်ုပ်တို့၏မျှော်လင့်ချက်အတွက် ရန်းကန်မှုကို ထင်ဟပ်အားပေးလျှက်ရှိသည်။ ဖန်ဆင်းခြင်းအပေါ် မျှော်လင့်ချက် နှင့် ဘုရားသခင်၏ ကောင်းမွန်သောဖန်ဆင်းခြင်းမှ အပ်နှင်းထားသော မျှော်လင့်ချက်တို့သည် လူသားအပေါ် မျှော်လင့်ချက် နှင့် အတူယှဉ်တွဲလျှက်ရှိနေသည်။

## မျှော်လင့်ချက်ရှိသူများအနေဖြင့် ရှိနေခြင်း

အပြန်အလှန်နားလည်မှုမရှိနိုင်ဟု ခံစားရသောအခြေအနေများကိုကြုံတွေ့နေရစဉ် မျှော်လင့်ချက်သည် အလွယ်တကူ ပိတ်မိသွားနိုင်သည်။ သံသယရနံ့များဖြင့်လွှမ်းမိုးနေသော ပတ်ဝန်းကျင်ကို ဖန်တီးခြင်း သည် အခြားသူများကို မယုံကြည်ခြင်းပိုက်ကွန်ထဲသို့ ထိုးသွင်းနိုင်သည်။

ဤအရာသည် ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းများ၊ အသင်းတော်များနှင့် မိသားစုများတွင်သာမက လူမှုအဖွဲ့အစည်းနှင့် ကျွန်ုပ်တို့၏ နိုင်ငံများတွင်ပါ ဖြစ်ပေါ်နိုင်ပါသည်။ ထိုသဘောတရားများသည် ဖုံးကွယ်လျက်ရှိနိုင်သလို မြင်သာလျက်လည်းရှိနိုင်သည်။ သို့သော် ၎င်းတို့သည် အမြဲတမ်း ကျွန်ုပ်တို့၏ စွမ်းအားကို ဆုတ်ယုတ်စေသည်။ သို့ရာတွင် မတရားမှုများကို ရင်ဆိုင်ကြုံတွေ့ရသောအခါ လူတစ်ဦး သည် အခြားသူတစ်ဦး၏ သားကောင်ဆက်လက်မဖြစ်စေရန် မကောင်းမှုကို ရှုတ်ချရမည်ဖြစ်သည်။

မျှော်လင့်ချက်နှင့် ဆက်လက်တည်ရှိနေရန် ကျွန်ုပ်တို့တစ်ဦးနှင့်တစ်ဦးလိုအပ်ပါသည်။ မျှော်လင့်ချက်သည် အခြားသူများ၏ လိုအပ်ချက်များကိုသတိထားရှိသောအခါ ပွင့်ဖွားလာပါသည်။ လွန်မင်းသော အခက်အခဲများကြားမှပင် ရှင်သန်ရန်၊ ပြုံးရန်နှင့် နေ့ရက်တိုင်းတွင် ဖြစ်နိုင်သည့် သေးငယ်သောအရာများကိုပေးဆပ်ရန် ရွေးချယ်သူများကို ကျွန်ုပ်တို့တွေ့နိုင်ပါသည်။

မျှော်လင့်ချက်သည် အမှန်တရားနှင့် တရားမျှတမှုတို့နှင့် ဆက်စပ်လျက်ရှိသည်။ ၎င်းမှာ ဘုရားသခင်၏ အဂတိလက္ခဏာများဖြစ်သည်ကြောင့်လား? ၎င်းတို့ကို သခင်ယေရှု၏ အသက်တာ၊ သေခြင်း၊ နှင့် ပြန်လည်ထမြောက်ခြင်းတို့တွင် မြင်နိုင်ကြသည် မဟုတ်ပါလား။ မျှော်လင့်ချက်ကို ရှင်သန်ကြီးထွားစေရန် အမှန်တရားကိုအရှိအတိုင်းရင်ဆိုင်ပြီး ၎င်းတို့ကို ဘုရားသခင့်ကတိတော်များ၏ အလင်းတန်းဖြင့် မြင်ကြည့်နိုင်ရန် လိုအပ်သည်။

ပဋိပက္ခဇုန်တွင်နေသော လူငယ်တစ်ဦးက ကျွန်ုပ်ကို ပြောပြခဲ့သည် - "ကျွန်တော် ကော်ဖီဆိုင်တစ်ခုမှာ စာအုပ်ဖတ်နေတုန်း ဒုံးကျည်တွေပတ်ပတ်လည်မှာကျလာတယ်။ လူတွေက စိတ်ခံစားမှုအပြည့်နဲ့ အပြေးအလွှားထွက်သွားကြပေမယ့် ကျွန်တော်က နေရာမှာပဲ စာကိုပြီးအောင်ဖတ်နေခဲ့တယ်။" အကာအကွယ်ရှာဖွေခြင်းသည် လက်တွေ့ဆန်သောရွေးချယ်မှုဖြစ်နိုင်သော်လည်း ဤအဖြစ်အပျက်ကို မျှဝေရခြင်းမှာ စစ်ပွဲ၏မလွဲမသွေဖြစ်မှုအပေါ် မျှော်လင့်ချက်ကိုဆုပ်ကိုင်လျှက် ဆန့်ကျင်ခြင်းဖြစ်သည်။

ဘရာသာရ် တစ်ပါးက ကျွန်ုပ်ကို ပြောပြခဲ့သည်မှာ - "မျှော်လင့်ချက်ဆိုတာ စိတ်ကိုနိုးဆွပေးတဲ့အရာဖြစ်သလို၊ ကူးစက်နိုင်စွမ်းလည်းရှိတယ်။ မျှော်လင့်ချက်ရဲ့ဆန့်ကျင်ဘက်က စိတ်မဝင်စားမှု (indifference) ဒါမှမဟုတ် လက်မခံလိုမှု (resignation) ဖြစ်တယ်။ မကြာသေးမီက စစ်ဖြစ်နေတဲ့ ကျွန်တော်ရဲ့တိုင်းပြည်ကို သွားပြန်လည်တဲ့အခါ လူတွေမျက်နှာမှာ ဝမ်းနည်းမှု၊ စိုးရိမ်မှုနဲ့ ဖိစီးမှုတွေကို တွေ့ခဲ့တယ်။ ဒါကြောင့် 'ငါဘာလုပ်နိုင်မလဲ?' ဆိုပြီး ကျွန်တော်ကိုယ့်ကိုကိုယ်ပြန်မေးခဲ့တယ်။ အဲဒီအချိန်မှာ အကြံတစ်ခုရလိုက်တယ်။ ကျွန်တော် ကိုယ့်လမ်းကြောင်းမှန်အတိုင်းကားမောင်းနေချိန် ကျွန်တော့်အရှေ့မှာရှိနေသူတစ်ယောက်ကို ဦးစားပေးဖို့ ရပ်လိုက်မယ်ပေါ့။ ဒီလိုလုပ်တာ ကျွန်တော့်အချိန် ၅ စက္ကန့်သာ ပေးရတယ်။ ဒါပေမယ့် ဒီသေးငယ်တဲ့ လုပ်ရပ်တစ်ခုကြောင့် လူတွေရဲ့မျက်နှာမှာ တုန့်ပြန်မှုကို တွေ့ရတယ်။ ဒီလုပ်ရပ်လေးက သူတို့ရင်ဘတ်ထဲက နာကျင်မှုအချို့ကို လျော့နည်းစေတယ်။

ကျွန်တော်တို့အတွင်းမှာရှိတဲ့ အရာအားလုံးက စစ်ပွဲနှင့် သေမင်းကို ဆန့်ကျင်နေတယ်....
ကျွန်တော်တို့အတွင်းမှာရှိတဲ့ အရာအားလုံးက အသက်ရှင်ခြင်းနဲ့ အလှတရားကို
တောင့်တနေကြတယ်။"

**ပါစကား မျှော်လင့်ချက်**

"ယခုဤအချိန်တွင် ကျွန်ုပ်သည် ဘယ်နေရာတွင် ရှိနေသနည်း?။ သောကြာနေ့ကြီးတွင် လက်ဝါးကပ်တိုင်ပေါ်ရှိ သခင်ယေရှု၏ ခြေရင်းတွင်ရှိနေလား? ပါစကားတနင်္ဂနွေနေ့၏ ဝမ်းမြောက်မှု အတွင်း တည်ရှိနေလား? သို့မဟုတ် စနေနေ့ကြီးတွင် ဘယ်အရပ်ဦးတည်ရမှန်းမသိဘဲ စောင့်ဆိုင်း နေလား?"

ကျွန်ုပ်ဘယ်မှာပဲရပ်နေနေ မျှော်လင့်ချက်လမ်းကြောင်းတစ်ခုကို ဖျတ်ခနဲမြင်တွေ့နိုင်မည်လား။ လူအပေါင်းတို့အတွက် ချစ်ခြင်းဖြင့်အသက်ပေးခဲ့သူ၊  အကြမ်းဖက်မှု၊ မုန်းတီးမှုနှင့် သေမင်း၏ အာဏာအားလုံးထက် ကြီးမားသော ချစ်ခြင်းကိုပြသခဲ့သူ သခင်ယေရှုအားကြည့်မိသည့်အခါ မျှော်လင့်ချက်လမ်းကြောင်း ပွင့်လာသည်။

မျှော်လင့်ချက်သည် အခြေအနေကိုခွဲခြမ်းစိတ်ဖြာမှုအပေါ်တွင် အမှီမပြုဘဲ မှိတ်တုတ်မှိတ်တုတ် တောက်ပသည့် ယုံကြည်မှုမီးတိုင်အပေါ်တွင် အမှီပြုသည်။ ထိုမီးတိုင်သည် အားနည်းသော်လည်း အမှောက်မိုက်ဆုံး ညတွင် တောက်လောင်နေခဲ့သည်၊ ယေရှု၏ သူငယ်ချင်းများအတွက်လည်း ထိုသဘောပင် ဖြစ်ခဲ့ သည်။ အကြီးကျယ်ဆုံးစုံစမ်းခံရချိန်၌ သူတို့အများစုသည် ယေရှု အား စွန့်ခွာခဲ့ကြသော်လည်း၊ ယေရှု ၏ ချစ်ခြင်းအားဖြင့် သူတို့ ပြန်လည်ရောက်ရှိနိုင်ခဲ့ကြသည်။

ရှင်ပြန်ထမြောက်တော်မူသော သခင်ယေရှုအား ကျွန်ုပ်တို့သိမှတ်လျှင် မည်မျှကောင်းလိမ့်မည်နည်း။ သို့သော် သခင်ယေရှု ၏ တည်ရှိမှုသည် ကျွန်ုပ်တို့၏သိမှတ်မှုအပေါ် မူတည်လျက်မရှိပါ။ တစ်ခါတစ်ရံ ကျွန်ုပ်တို့၏ မျှော်လင့်ချက်မဲ့မှုသည် မာရီမဂ္ဂဒလာကိုမျက်ကွယ်စေသလို ကျွန်ုပ်တို့ကိုလည်း မျက်ကွယ် စေသည်။ ရှင်ပြန်ထမြောက်တော်မူသောယေရှု က မာရိ အား မေးခဲ့သည်- 'သင် ဘာကြောင့် ငိုနေ သလဲ။' နှင့် 'သင် ဘယ်သူ့ကို ရှာနေသလဲ။' (ယောဟန် ၂၀:၁၅) ဒုတိယမေးခွန်းသည် ရှင်ယောဟန် ခရစ်ဝင်ကျမ်း၌ သခင်ယေရှု၏ပထမဦးဆုံး စကားဖြစ်သည့် 'သင်တို့ ဘာကို ရှာနေကြသလဲ။' (ယောဟန် ၁:၃၈) ဟူသည့် မေးခွန်းကိုပြန်လည်ပဲ့တင်ထပ်သည်။ သခင်ယေရှု သည် လူသားအနေဖြင့်

အနွမ်းနယ်ဆုံးဝမ်းနည်းမှု နှင့် သေမင်းနိုင်ငံထဲသို့ဝင်ရောက်ပြီးနောက်၊ အဓိပ္ပါယ်ရှာဖွေရခြင်းသည် တည်ရှိလိုသောဆန္ဒအဖြစ် ပြောင်းလဲလာခဲ့သည်။"

ရှင်ပြန်ထမြောက်ပြီး ဘုရားသခင်၌အသက်ရှင်နေသောယေရှုသည် ကျွန်ုပ်တို့အား သူ့ဆီသို့ဆွဲခေါ်နေသည်။ ရှင်ပြန်ထမြောက်သောသခင်ယေရှုသည် ဝမ်းနည်းမှုနှင့်ဖြစ်စေ၊ ပျော်ရွှင်မှုဖြင့်ဖြစ်စေ ပြည့်နေပါစေ ကျွန်ုပ်တို့၏အတွင်းဆုံးနေရာတွင်တွေ့ဆုံပြီး ခမည်းတော်ဘုရားနှင့်တွေ့ဆုံစေကာ ဝိညာဉ်တော်ဘုရားအားဖြင့် အတူပေါင်းစပ်စေသည်။ ထိုအခါ ကျွန်ုပ်တို့သည် မျှော်လင့်ချက် ပျက်သုဉ်းမှု ၌အကျဉ်းကျမနေဘဲ၊ အသက်သစ်သည် ဖြစ်နိုင်လာသည်။"

ပေါလု ရေးသားခဲ့သည် "မျှော်လင့်ချက်သည် ကျွန်ုပ်တို့ကို စိတ်ပျက်စေမည် မဟုတ်ပါ၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ချစ်ခြင်းကို သန့်ရှင်းသောဝိညာဉ်တော်မှတဆင့် ကျွန်ုပ်တို့၏နှလုံးသားထဲသို့ သွန်းလောင်းထားသောကြောင့်ဖြစ်သည်၊ ထိုသန့်ရှင်းသောဝိညာဉ်တော်ကို ဘုရားသခင်က ကျွန်ုပ်တို့အား ပေးခဲ့သည်" (ရောမ ၅:၅)။ ထိုချစ်ခြင်းမှ အသက်ရှင်ကြပါစို့။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အား အမြဲအစဉ်လမ်းပြပါစေ။

## မျှော်လင့်ချက်၏ ဘုရားဖူးများ၊ ငြိမ်းချမ်းရေး၏ ဘုရားဖူးများ

ရှင်ပြန်ထမြောက်ခြင်းအပေါ် ယုံကြည်ခြင်းသည် ဒုက္ခတွင်းနက်ထဲရှိနေသော လူအများစုအား မျှော်လင့်ချက်ကို ဆက်လက်စွဲကိုင်နေစေသည်။ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့အား မဖြစ်နိုင်သည်များကို ကျော်လွှားစေပြီး၊ ကျွန်ုပ်တို့၏နှလုံးသားကို အခြားသူများဆီသို့ ပို့ဆောင်ကာ လက်တွေ့လုပ်ဆောင် နိုင်စေသည့် အရင်းအမြစ်တစ်ခုဖြစ်သည်။

သခင်ယေရှု၏ရှင်ပြန်ထမြောက်ခြင်းကိုယုံကြည်ရန် သတ္တိနှင့် ရဲဝံ့မှုများစွာ လိုအပ်ပါသည်။ ဆိုလိုသည်မှာ ယနေ့ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ ရှိနေသော သေခြင်းနှင့် ဖျက်ဆီးခြင်းများကြားတွင် ရပ်တံ့သွားခြင်းမှ ကျော်လွှားနိုင်ရန် ကြိုးစားခြင်းဖြစ်ပါသည်။

မျှော်လင့်ချက်မရှိသည့်အခြေအနေများထဲမှ ဘုရားသခင်သည် အသစ်တစ်ခုကိုဖန်တီးနိုင်ပါသည်။ ဘုရားသခင်သည် သေခြင်းမှ အသက်ကို ဖန်တီးနိုင်သကဲ့သို့ ပဋိပက္ခမှ ပြန်လည်သင့်မြတ်ခြင်းကိုပါ ဖန်တီးနိုင်ပါသည်။

သခင်ယေရှု၏ အမျိုးသမီးမိတ်ဆွေများသည် အီစတာနံနက်ခင်းတွင် သူ၏ကျောက်တုံးအုတ်ဂူသို့ ရောက်သည့်အခါ၊ 'ကျွန်မတို့အတွက် ဒီကျောက်တုံးကို ဘယ်သူတွန်းလှိမ့်ပေးမလဲ?' (မာကု ၁၆:၃) ဟုမေးကြသည်။ ကျွန်ုပ်တို့၏အသက်တာတွင် ဘုရားသခင်၏အကူအညီဖြင့် တွန်းလှိမ့်ဖယ်ရှင်းပေးရန် ဆုတောင်းရမည့် ကျောက်တုံးများမှာ ဘာတွေနည်း။ ထိုသို့ တွန်းလှိမ့်ဖယ်ရှင်းမှသာ ကျွန်ုပ်တို့၏အတွင်းမှာ အသစ်သောအသက်တာတစ်ခုကို မွေးဖွားနိုင်စေလိမ့်မည်။

ထိုအသစ်သောအသက်တာသည် ကျွန်ုပ်တို့ကို ရှန်းထစေပြီး၊ အခြားသူများနှင့်အတူ ခရီးဆက်စေပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုင်စွဲထားသောမျှော်လင့်ချက်၏ ဘုရားဖူးများဖြစ်လာသည်။ ထိုမျှော်လင့်ချက်သည် ငြိမ်းချမ်းရေးအတွက်မျှော်လင့်ချက်လည်း မဟုတ်ပေဘူးလား။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်သည် ကျွန်ုပ်တို့၏ငြိမ်းချမ်းရေးဖြစ်သည် (အဲဖက်ရှင်း ၂:၁၄)။ သခင်ခရစ်တော် မိန့်မြွက်သည့် “ငြိမ်းချမ်းရေးကို သင်တို့နှင့် ငါ ထားခဲ့၏၊ ငါ၏ငြိမ်းချမ်းရေးကို သင်တို့အား ငါပေး၏။ ငါသည် လောကပေးသကဲ့သို့မပေး၊ သင်တို့၏နှလုံးသားများကို ပူပန်မှု၊ ကြောက်ရွံ့မှု မရှိစေနှင့် (ယောဟန် ၁၄:၂၇-၂၈)” ဟူသည့်စကားကို ကျွန်ုပ်တို့နားစွင့်ကြပါစို့။

ငြိမ်းချမ်းရေး၏ ဘုရားဖူးများအနေဖြင့် တရားမျှတမှုမရှိဘဲမှန်ကန်သော ငြိမ်းချမ်းရေးတစ်ခု မရှိနိုင်ကြောင်း ကျွန်ုပ်တို့ နားလည်ပါသည်။ ကျွန်ုပ်တို့လက်ကိုင်ထားသောမျှော်လင့်ချက်မှ ဆင်းသက်လာသော ငြိမ်းချမ်းမှုသည် ကျွန်ုပ်တို့အား အတွင်းစိတ်လွတ်လပ်မှုကို ပေးပါသည်။ ၎င်းသည် ကျွန်ုပ်တို့အား အသက်ကိုချစ်မြတ်နိုးစေပြီး၊ ဝိညာဉ်တော်ဘုရားလှုံ့ဆော်မှုဖြင့် ကြံ့ကြံ့ခံလျှက် မတရားမှုများကို ဆန့်ကျင်ရန် ခွန်အားဖြစ်စေပါသည်။

တစ်နေ့တွင် ကျွန်ုပ်တို့သည် ဇာခရိယ၏သီချင်းကို ရွတ်ဆိုဆုတောင်းနေကြပါလိမ့်မည်။ သိမ်းပိုက်ခံဒေသတစ်ခုမှ သက်ကြီးရွယ်အိုတစ်ဦးအနေဖြင့် မျှော်လင့်မထားခဲ့သည့် မွေးဖွားမှုတစ်ခုအတွက် ဝမ်းမြောက်စွာဖြင့် ကြွေးကြော်ခဲ့သည်မှာ “ကျွန်ုပ်တို့ဘုရားသခင်၏ ကြင်နာသောကျေးဇူးကြောင့် အမှောင်ထဲနေထိုင်သူ နှင့် သေမင်း၏အရိပ်အောက်၌ရှိနေသူတို့အား အလင်းပေးရန်၊  ကျွန်ုပ်တို့အား ငြိမ်းချမ်းရေးလမ်းပေါ်သို့ ဆောင်ကြဉ်းပေးရန် အထက်အရပ်မှအာရုဏ်ဦးသည် ပေါ်ထွန်းလင်းလာလိမ့်မည်” (လုကာ ၁:၇၈-၇၉)။

ကျွန်ုပ်တို့သည် မျှော်လင့်ချက်အားလုံးကိုကျော်လွန်ပြီးမျှော်လင့်ရန်  အသင့်ဖြစ်နေပြီလား?

ထမြောက်တော်မူသောခရစ်တော်၊
သန့်ရှင်းသောဝိညာဉ်တော် တည်ရှိနေခြင်းအားဖြင့် အရှင်သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့နှလုံးသားထဲသို့ သွန်းလောင်းပေးခဲ့သည်၊ မျှော်လင့်ချက်အားလုံးကိုကျော်လွန်လျှက် မျှော်လင့်နိုင်စေသည်။ ကျွန်ုပ်တို့အတွင်းပိုင်းမှအံ့သြဖွယ်အေးချမ်းမှုတစ်ခု တဖြည်းဖြည်းထွက်ပေါ်လာပါသည်။
ထမြောက်တော်မူသောခရစ်တော်၏ ဘုန်းဂုဏ်တော်ကိုချီးမွမ်းပါ၏။